ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န်

သက်ဝင်ယုံကြည်သူ၏ မည်သည့်ကုသိုလ်ကောင်းမှုကိုမျှမတရားပြုတော်မူမည်မဟုတ်ပေ။ ၎င်းသည်

ထိုကောင်းမှုကြောင့် လောက၌

ကောင်းကျိုးချီးမြှင့်ခြင်းခံရပြီး နောင်တမလွန်

အာခိရသ်တွင်လည်း အစားပြန်လည်ရရှိမည်ဖြစ်သည်။

အနတ်စ်ဗင်န်မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ဧကန်အမှန်ပင်အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူ၏ မည်သည့်ကုသိုလ်ကောင်းမှုကိုမျှမတရားပြုတော်မူမည်မဟုတ်ပေ။ ၎င်းသည် ထိုကောင်းမှုကြောင့် လောက၌
ကောင်းကျိုးချီးမြှင့်ခြင်းခံရပြီး နောင်တမလွန် အာခိရသ်တွင်လည်း
အစားပြန်လည်ရရှိမည်ဖြစ်သည်။ ကာဖိရ် သွေဖည်ငြင်းပယ်သူသည် အလ္လာဟ်အရှင်မြတ်အတွက်
၎င်းဆောင်ရွက်ခဲ့သည့် ကောင်းမှုများကြောင့် လောက၌ပင် ကျွေးမွေးခြင်းခံရပြီး
နောင်တမလွန် အာခိရသ်သို့ရောက်သည့်အခါ ၎င်းအတွက် အစားပြန်လည်ရရှိမည့်
မည်သည့်ကောင်းမှုမျှ ရှိလိမ့်မည်မဟုတ်ပေ။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မုအ်မင်များအပေါ် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးပြုမှုနှင့် ကာဖိရ်များအပေါ် အလ္လာဟ်အရှင်မြတ်၏ တရားမျှတမှုတို့ကိုရှင်းပြတော်မူခဲ့သည်။ မုအ်မင်န်တစ်ဦးပြုလုပ်ခဲ့သည့် ကောင်းမှုများ၏အကျိုးကုသိုလ်သည် ယုတ်လျော့မသွားပေ။ ထို့ပြင် ၎င်း၏နာခံမှုကြောင့် ကောင်းမှုများ၏အကျိုးကို လောက၌လည်း ချီးမြှင့်ခံရသလို နောင်တမလွန်ဘဝတွင်လည်း သိမ်းဆည်းထားသောအကျိုးကုသိုလ်အဖြစ် ရှိနေမည်ဖြစ်သည်။ နောင်တမလွန်ဘဝတွင် ထိုကောင်းမှုများ၏အစားကို၎င်းအတွက် ပြည့်ပြည့်ဝဝ ထိန်းသိမ်းထားမည်ဖြစ်သည်။ ကာဖိရ် သွေဖည်ငြင်းပယ်သူနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းဆောင်ရွက်ခဲ့သည့် ကောင်းမှုများ၏အစားလောကီအကျိုးများကို ပေးတော်မူမည်ဖြစ်ပြီး နောင်တမလွန်ဘဝသို့ ရောက်သည့်အခါ ၎င်းအတွက်အစားပြန်လည်ရရှိရန် မည်သည့်ကောင်းမှုမျှကျန်ရှိတော့မည်မဟုတ်ပေ။အဘယ့်ကြောင့်ဆိုသော် ကောင်းမှုကုသိုလ်သည် နှစ်ဘ၀စလုံးတွင်အကျိုးပေးရန်‌ကောင်းမှုပြုလုပ်သူသည်မုအ်မင်န်ဖြစ်ရန်လိုအပ်သည်။

http://www.sunnah.global/hadeeth/my/show/65015